# ဘေးကင်းလုံခြုံ၍ အကျိုးအမြတ်ဖြစ်ထွန်းစေမည့် လုပ်သားရွှေ့ပြောင်းမှု

အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT) စီမံကိန်း ၂၀၁၆ - ၂၀၁၉



ဓာတ်ပုံ : ပျိုးပင်

ခွဲဝေချထားသော
စုစုပေါင်းဘတ်ဂျက်
(၂၀၁၆-၂၀၁၉)
အမေရိကန်ဒေါ်လာ
၁၆ သန်း

## ရည်ရွယ်ချက်များ

မဲခေါင်မြစ်ဝှမ်းဒေသတွင် မြန်မာနိုင်ငံသည် ရွှေ့ပြောင်းလုပ်သားအများဆုံး ထွက်ရှိရာ နိုင်ငံတစ်နိုင်ငံ ဖြစ်ပြီး (IOM၊ ၂၀၁၅) လူဦးရေ၏ ၁၀ ရာခိုင်နှုန်းသည် နိုင်ငံတကာသို့ ရွှေ့ပြောင်းသွားလာနေကြကာ ၂၀ ရာခိုင်နှုန်းနီးပါးသည် နိုင်ငံတွင်းတွင်  ရွှေ့ပြောင်းသွားလာနေကြသည် (မြန်မာနိုင်ငံလူဦးရေသန်းခေါင်စာရင်း၊ ၂၀၁၄)။ ရွှေ့ပြောင်းသွားလာခြင်းသည် မြန်မာနိုင်ငံရှိ ကျေးလက်နေအိမ်ထောင်စုများအတွက် အရေးပါသည့် အသက်မွေးဝမ်းကျောင်းမှု နည်းဗျူဟာတစ်ခုဖြစ်ပြီး လွှဲပို့ငွေများသည် ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းအပေါ် များစွာ အကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။ မက်ခရိုစီးပွားရေး လေ့လာမှုများအရ ပျမ်းမျှအားဖြင့် နိုင်ငံအတွင်းရှိ လူတစ်ဦးချင်းစီအတွက် နိုင်ငံတကာရွှေ့ပြောင်းလုပ်သားများမှ တရားဝင်ပေးပို့ငွေ (per capita official international remittances) ၁၀% တိုးလာပါက ဆင်းရဲနွမ်းပါးသူ ရာခိုင်နှုန်း ၃.၅% ကျဆင်းသွားသည်ဟု ဆိုပါသည် (Adams နှင့် Page၊ ၂၀၀၅)။ ရွှေ့ပြောင်းသွားလာမှုမှ အကျိုးကျေးဇူးများ အမြင့်မားဆုံးရရှိစေရန် ရည်ရွယ်သည့် LIFT ၏ ရွှေ့ပြောင်းသွားလာမှုအစီအစဉ်တွင် ဘေးကင်းလုံခြုံပြီး အကျိုးကျေးဇူးဖြစ်ထွန်းသော ရွှေ့ပြောင်းသွားလာမှု ဖြစ်စေရေးအတွက် အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။

၁။ ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းသွားလာမှုများအတွက် မူဝါဒများနှင့် စီမံအုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို အားကောင်းလာစေရန် မြန်မာအစိုးရအား ကူညီပံ့ပိုးပေးခြင်း

၂။ တာဝန်သိ၍ အကျိုးအမြတ်ဖြစ်ထွန်းသော ကျေးလက်မှ မြို့ပြ လုပ်သားရွှေ့ပြောင်းမှုဖြစ်စေရေးအတွက် စက်မှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၃။ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများကို အားကောင်းစေခြင်းဖြင့် ယင်းတို့၏ ရပ်ရွာလူထုများနှင့် ပရိသတ်များအား ဘေးကင်းလုံခြုံ၍အကျိုးအမြတ်ဖြစ်ထွန်းစေမည့် ရွှေ့ပြောင်းသွားလာမှုများ ပြုလုပ်နိုင်စေရန် ပံ့ပိုးကူညီဆောင်ရွက်ခြင်း

၄။ အနိုင်အထက်ပြုခြင်းနှင့် လူကုန်ကူးခြင်းတို့ကို ဖြေရှင်းဆောင်ရွက်ခြင်းများ အပါအဝင် ရွှေ့ပြောင်းသွားလာမှု၏ ကျား/မရေးရာ ကဏ္ဍကို အလေးထားလာကြစေရန် ဆောင်ရွက်ခြင်း

၅။ မြန်မာနိုင်ငံ ရွှေ့ပြောင်းသွားလာမှု လုပ်ငန်းစဉ်ကြီးအား အကောင်အထည်ဖော်ရန် လက်တွဲကြိုးပမ်းမှု တစ်ခုအနေဖြင့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အသိပညာမိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခြင်း

Livelihoods and Food Security Trust Fund

၁။ ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းသွားလာမှုအတွက် မူဝါဒများနှင့် စီမံအုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို အားကောင်းလာစေရန် မြန်မာအစိုးရအား ကူညီပံ့ပိုးပေးခြင်း

ရွှေ့ပြောင်းလုပ်သားများအား ခေါင်းပုံဖြတ်အမြတ်ထုတ်မှုနှင့် လူကုန်ကူးမှုတို့မှ ကာကွယ်ပေးရန်မှာ နိုင်ငံတော်အစိုးရ၏ ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်သည်။ LIFT ရန်ပုံငွေပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိသော စီမံချက်များသည် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေနှင့် နောက်ဆက်တွဲ လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ခြင်း၊ လုပ်သားစုဆောင်းသည့် လုပ်ငန်းစဉ်များ၊ တိုင်ကြားမှုဆိုင်ရာ ယန္တရားများနှင့် လူမှုဖူလုံရေးစနစ်များအပါအဝင် ပြီးပြည့်စုံပြီး ထိရောက်မှုရှိသည့် ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ ဥပဒေမူဘောင်တစ်ခုကို ရေးဆွဲရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (MOLIP) နှင့် လက်တွဲဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် ဝန်ကြီးဌာနများကြား ပိုမိုအားကောင်းသည့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုများကို ရရှိစေမည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ စီမံအုပ်ချုပ်ရေး မူဘောင်တစ်ခုအား အဖွဲ့အစည်းစနစ်များအတွင်းသို့ ထည့်သွင်းနိုင်ရန်ကိုလည်း ကူညီပံ့ပိုးပေးပါသည်။ အိမ်တွင်းအလုပ်သမားများကို ကာကွယ်မှုပေးမည့် ဥပဒေမူဘောင်တစ်ခုကို ရေးဆွဲနိုင်ရေးအတွက် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုများ နှင့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက် အမှတ် ၁၈၉ ကို လက်မှတ်ရေးထိုးနိုင်ရေးအတွက် နည်းလမ်းများကို လမ်းညွှန်ပေးမည်ဖြစ်သည်။ အလွဲသုံးစားပြုမှုများကို တရားစွဲဆိုခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ ကြိုတင်ကာကွယ်ခြင်း နည်းလမ်းများဖြင့် တိုက်ဖျက်ပေးနိုင်ရေးအတွက် အစိုးရအား ကူညီပံ့ပိုးပေးရာတွင် ပထမဆုံးအဆင့်အနေဖြင့် ဥပဒေများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။

၂။ တာဝန်သိ၍ အကျိုးအမြတ်ဖြစ်ထွန်းသော ကျေးလက်မှ မြို့ပြ လုပ်သားရွှေ့ပြောင်းမှုဖြစ်စေရေးအတွက် စက်မှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

မြန်မာနိုင်ငံသည် ကျေးလက်စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးစနစ်မှ ဝန်ဆောင်မှုကို အခြေခံသော စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းလျက်ရှိပြီး ရွှေ့ပြောင်း လုပ်သားများတွင် များသောအားဖြင့် ထိုစနစ်သို့ ကူးပြောင်းမှုအတွက် ပါဝင်နိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုများ မရှိသည့်အပြင် ပံ့ပိုးကူညီပေးနိုင်မည့် ဝန်ဆောင်မှုများလည်း မရရှိကြပါ။ အမျိုးသမီးအများစု လုပ်ကိုင်လျက်ရှိပြီး အလုပ်သမားဦးရေ ၄၀၀,၀၀၀ မှ ၂၀၂၀ ခုနှစ်တွင် ၁.၅ သန်းအထိ တိုးလာနိုင်သည်ဟု ခန့်မှန်းထားသည့် ရန်ကုန်ရှိ အထည်ချုပ်လုပ်ငန်းကဏ္ဍနှင့် လက်တွဲလုပ်ကိုင်နေသည့် LIFT စီမံချက်များသည် ရွှေ့ပြောင်းလုပ်သားများအတွက် ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊ စက်ရုံအခြေပြု ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းပေးခြင်း၊ သင့်တော်သည့် အလုပ်အကိုင် ရှာဖွေပေးခြင်း၊ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း၊ ခေါင်းပုံဖြတ်မှု နှင့် ကျား/မအခြေပြု အကြမ်းဖက်မှုများမှ ကာကွယ်စောင့်ရှောက်ရေးနှင့် ပံ့ပိုးကူညီရေး စနစ်များကို ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းကဏ္ဍ တိုးတက်လာစေရန်အတွက် စီမံချက်သည် အထည်ချုပ် စက်ရုံများနှင့်MOLIP တို့နှင့်ပါ လက်တွဲဆောင်ရွက်လျက်ရှိသည်။

၃။ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများကို အားကောင်းစေခြင်းဖြင့် ယင်းတို့၏ ရပ်ရွာလူထုများနှင့် ပရိသတ်များအား ဘေးကင်းလုံခြုံ၍ အကျိုးအမြတ်ဖြစ်ထွန်းစေမည့် ရွှေ့ပြောင်းသွားလာမှုများ ပြုလုပ်နိုင်စေရန် ပံ့ပိုးကူညီဆောင်ရွက်ခြင်း

ရွှေ့ပြောင်းသွားလာမှုကို ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်စွာအသုံးပြုနိုင်စေရန် LIFT သည် ပြည်သူများမှ ယုံကြည်အားထားသော အရပ်ဘက်လူမှု အဖွဲ့အစည်းများ (CSO) နှင့် မီဒီယာအဖွဲ့အစည်းများအား စိတ်ဝင်စားဖွယ်ကောင်းသည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာသတင်း အချက်အလက်များကို ရွှေ့ပြောင်း သွားလာရန် အလားအလာရှိသူများ၊ ရွှေ့ပြောင်းလုပ်သားများ၊ ၎င်းတို့၏ အိမ်ထောင်စုများနှင့် ရပ်ရွာလူထုအသိုင်းအဝိုင်းများထံသို့ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေနိုင်စွမ်း ရှိစေရန် စွမ်းဆောင်ရည် မြှင့်တင်ပေးမည် ဖြစ်ပါသည်။ ယင်းဆောင်ရွက်မှုများသည် ၂၀၁၉ ခုနှစ်တွင် လူဦးရေ ၃ သန်း နှင့် ၄ သန်းကြားထံသို့ ရောက်ရှိစေမည်ဖြစ်ပါသည်။

၄။ အနိုင်အထက်ပြုခြင်းနှင့် လူကုန်ကူးခြင်းတို့ကို ဖြေရှင်းဆောင်ရွက်ခြင်းများအပါအဝင် ရွှေ့ပြောင်းသွားလာမှု၏ ကျား/မရေးရာကဏ္ဍကို အလေးထားလာကြစေရန် ဆောင်ရွက်ခြင်း

ကျား/မကွာခြားချက်များ၊ ရွှေ့ပြောင်းသည့်အကြောင်းအရင်း၊ စသည်ဖြင့် မျက်မှောက်ခေတ်ရှိ ရွှေ့ပြောင်းသွားလာမှုပုံစံများကို သုတေသနပြု လေ့လာမှုများပြုလုပ်နိုင်ရန် LIFTမှ ကူညီပံ့ပိုးပေးခဲ့ပါသည်။ မြန်မာနိုင်ငံရှိ ပြည်တွင်းရွှေ့ပြောင်းလုပ်သား ၉သန်းကျော်တွင် ထက်ဝက်ကျော်သည် ရွှေ့ပြောင်းအမျိုးသမီးများ ဖြစ်ပြီး လုပ်သားရွှေ့ပြောင်းမှုသည် အမျိုးသမီး ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့၏မိသားစုများအတွက် ကြီးမားသည့် ကောင်းကျိုးများကို ဆောင်ကြဉ်းပေးနိုင်ပါသည်။ ယင်းအတွက်ကြောင့် ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှုမှ အကျိုးကျေးဇူးများ ပိုမိုရရှိစေရန် အထည်ချုပ်စက်ရုံများ၊ MOLIP ၊ အသေးစား ငွေချေးလုပ်ငန်းရှင်များနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသမီးရွှေ့ပြောင်းလုပ်သားများအား စွမ်းဆောင်ရည် မြှင့်တင်ရန် လုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းများပေးခြင်းနှင့် လိုအပ်သည့်ငွေကြေး ဝန်ဆောင်မှုများ၊ အထည်ချုပ်ကဏ္ဍကဲ့သို့သော လုပ်ငန်းခွင်များတွင် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် ကျား/မအခြေပြု အကြမ်းဖက်မှုများကို ကာကွယ်ပေးသည့် ပုံစံများအား စမ်းသပ်ဆောင်ရွက်ကာ လိင်ပိုင်းဆိုင်ရာ လူကုန်ကူးမှုကြောင့် ထိခိုက်နစ်နာသူများထံအရောက် ဝန်ဆောင်မှုပေးသည့် အစီအစဉ်များ၊ ကိုယ်စိတ်ဒဏ်ရာများကို ကုသပေးသည့်အစီအစဉ်များ၊ အိမ်တွင်းလုပ်သားများအတွက် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်များဆိုင်ရာ သဘောတူညီချက်အမှတ် ၁၈၉ အား အတည်ပြု လက်မှတ်ထိုးနိုင်ရေးစသည်တို့အတွက် LIFT စီမံချက်များမှ ပံ့ပိုးကူညီပေးမည် ဖြစ်သည်။

၅။ မြန်မာနိုင်ငံ ရွှေ့ပြောင်းသွားလာမှု လုပ်ငန်းစဉ်ကြီးအား အကောင်အထည်ဖော်ရန် လက်တွဲကြိုးပမ်းမှု တစ်ခုအနေဖြင့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အသိပညာ မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခြင်း

LIFT သည် ရွှေ့ပြောင်းသွားလာကြသော ရွှေ့ပြောင်းလုပ်သားများ၏ ဘေးကင်းလုံခြုံရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့အတွက် ၂၀၁၆ခုနှစ်မတိုင်မီမှာပင် မြန်မာနိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ အသေးစားချေးငွေအဖွဲ့အစည်းများ၊ အလုပ်အကိုင်ရှာဖွေပေးရေးအစီအစဉ်များ၊ ပညာရှင်များ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ မီဒီယာများနှင့် INGOများကို ကိုယ်စားပြုသည့် ရွှေ့ပြောင်းသွားလာမှုနှင့် သက်ဆိုင်သူများပါဝင်သည့် အဖွဲ့ ၁၅ ဖွဲ့ဖြင့် မိတ်ဖက်ပြုထားပြီး မိမိတို့၏ ရွှေ့ပြောင်းသွားလာမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကျွမ်းကျင်မှုများ၊ အရည်အသွေးများ၊ ရှုထောင့်အမြင်များဖြင့် ယင်းသည် မြန်မာနိုင်ငံ၏ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ လုပ်ငန်းစဉ်ကြီးအား တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်သည့် အသိပညာဗဟုသုတများကို ရရှိစေရေး၊ မှန်ကန်ကြောင်း အတည်ပြုရေးနှင့် စုစည်းပေါင်းစပ်နိုင်ရေး၊ နည်းလမ်းသစ်များကို အကျိုးအရှိဆုံး အသုံးချနိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်သည်။


## အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ

UNOPS ရန်ပုံငွေ စီမံခန့်ခွဲရေးရုံး၊
၁၂ (O)၊ ပြည်သူ့လမ်း၊ ၇ မိုင် ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း။ + ၉၅ ၁ ၆၅ ၇၂၈၀ ~ ၈၇၊
ဖက်စ်။ + ၉၅ ၁ ၆၅ ၇၂ ၇၉
Email: lift@unops.org
lift-fund.org | facebook.com/liftfund| twitter.com/liftfund


LIFT ကို UNOPS မှ စီမံခန့်ခွဲသည်

LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများ